The Flower News

The Flower News, 6 – 12 April 2005

# ကလေးသူငယ်များအား ခွဲခြားဆက်ဆံနေသော အဓိကပြဿနာအရင်းအမြစ်ပေါ် ကလေးသူငယ်များဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးမှ အဖြေရှာသွားမည်



သတင်းစာရှင်းလင်းပွဲ

ကျော်ဆုမွန်

ဆီရန်ယိ၊ မတ်-၃၁

လူငယ်များနှင့် ကလေးသူငယ်များအတွက် အဓိကဖြစ်ပေါ်နေသော ပြဿနာအရင်းအမြစ်မှာ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၌ ကလေးသူငယ်များအား ကျားမခွဲခြားဆက်ဆံမှု၊ မြို့နေတောနေခွဲခြားမှုများဖြစ်နေရာ ယင်းအချက်များ၏ အဓိကအချက်များကို ဝန်ကြီးများအဆင့် ကလေးသူငယ်များဆိုင်ရာ အစည်းအဝေးများမှတစ်ဆင့် အဖြေရှာသွားမည်ဟု အဆိုပါဒေသတစ်ခုလုံး၏ Regional Director(Unicef) ဖြစ်သူ Ms.Arupama Rao Sighက သတင်းစာဆရာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

“ဒီလို ခွဲခြားဆက်ဆံမှုတွေက ဘယ်မှာအဖြစ်များနေလဲ၊ ဘာကြောင့် ဖြစ်နေတာလဲဆိုတာတွေကို Youth Forum ကရလာတဲ့ အချက်တွေရယ်၊ ဒီအစည်းအဝေးကြီးရဲ့ Penal Discussion ကရလာတဲ့ ကလေးသူငယ်တွေနဲ့ ဆက်စပ်တဲ့အချက်တွေကတစ်ဆင့် ဒီဒေသကြီးမှာဆောင်ရွက်ပေးသွားမယ်”ဟု သူမက ဆက်လက် ပြောဆိုသည်။

ကလေးများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ မိဘများ၏ဖိနှိပ်ချုပ်ချယ်မှု၊ ဩဇာပေးမှု၊ ကလေးများအား ပါဝင်လုပ်ပိုင်ခွင့်ပေးမှုနည်းပါးခြင်းသည် ကလေးများအတွက် လူကြီးများအပိုင်းမှ စဉ်းစားဆောင်ရွက်ပေးသင့်သည့် အချက်များဖြစ်ကြောင်း Youth Forumတွင် ဦးဆောင်လုပ်ခဲ့သူတစ်ဦးဖြစ်သည့် ကမ္ဘောဒီးယားလူငယ် Makara က ပြောကြားသည်။

“ကလေးတွေက ဒီလိုဖိုရမ်တွေမှာ ပါဝင်ဆောင်ရွက်ချင်ပေမယ့် မိဘတွေက မလုပ်ခိုင်းတာတွေ၊ ခရီးဝေးဆိုရင်လည်း မလိုက်ခိုင်းတာတွေ၊ ကလေးတွေ လုပ်ချင်တာကို ပေးမလုပ်ဘူး။ ကလေးတွေက ကျောင်းပြီးရင်လည်း အလုပ်မရတာတွေရှိတယ်။ ဒါကြောင့် ကျောင်းပြီးအောင်တက်ပြီး ဘာလုပ်မှာလဲ။ ကျောင်းမတက်ဘဲ အလုပ်လုပ်တာကမှ ငွေရမယ်ဆိုတဲ့အတွေးတွေကလည်း ဝင်လာကြတယ်”ဟု သူမက ဆက်လက်ပြောဆိုသည်။

အထက်ပါ အချက်အလက်များအပြင် လူငယ်များအတွက် အဓိကအလေးထားရမည့် ပြဿနာရပ်များအား လူငယ်ဖိုရမ်၌ ကြေညာရာတွင် ပညာရေးသည် အဓိကဖြစ်နေရာ အာဆီယံနိုင်ငံအများစု၌ ကျောင်းဝင်ခရေးမြင့်မားနေခြင်း၊ မူလတန်းမှ အလယ်တန်းသို့ တက်ရောက်ရမည့်သူနည်းပါးခြင်း၊ (အဓိကအချက်မှာ မိဘများ၏ ငွေကြေးချို့တဲ့မှု)၊ သွားလာရခက်ခဲမှုများ၊ ကျောင်းအဆောက်အအုံလိုအပ်မှု၊ ကျောင်းတက်ချင်စိတ်နည်းပါးမှု၊ ကျောင်းတက်ရမည့်အချိန်တွင် မိဘများနှင့် အတူငွေရှာရမှုစသည့် အချက်များဖြစ်နေကြောင်းသိရသည်။

Youth Forumသို့ တက်ရောက်ကြသည့် လူငယ်များမှာ အာဆီယံနိုင်ငံများအပြင် ပစိဖိတ်ဒေသကျွန်းနိုင်ငံများ၊ တီမော၊ တရုတ်စသည့်နိုင်ငံများမှ လူငယ်များနှင့် လူငယ်သတင်းစာဆရာများပါဝင်ရာ ယင်းဖိုရမ်နှင့် Min Con အစည်းအဝေးနှင့်ပတ်သက်၍ မလေးရှားနိုင်ငံမှ အသက်၁၇နှစ်အရွယ် Sin Shew Daily သတင်းစာသတင်းထောက် Foo Shyh Huaက “ပါဝင်တဲ့ ကလေးတွေရဲ့တွေးခေါ်မှု အရမ်းကောင်းတယ်။ ကလေးတွေရဲ့ခံစားချက်တွေကိုဖော်ပြထားတဲ့ ဒီဖိုရမ်ကနေရ[illegible]့ အချက်တွေကို နိုင်ငံအစိုးရကနေ တခုခုလုပ်ပေးသင့်တယ်။ ပညာရေးကိုမြှင့်တင်ဖို့ အသုံးစရိတ်မြှင့်ပေးသင့်တယ်”ဟု သူ့အမြင်ကို ပြောသည်။

ထိုင်းနိုင်ငံရှိ Thai Youth News Center မှ TV နှင့်Radio သတင်းထောက် အသက်၁၅နှစ်အရွယ်ရှိ Tipsudaက “ထိုင်းမှာ အဓိက ပညာရေးရယ်၊ ကလေးသူငယ်အကြမ်းဖက်ခံရမှုရယ်၊ လိင်ဆက်ဆံမှုတွေရယ်က ပြဿနာဖြစ်နေတယ်။ ဒီဖိုရမ်ကရလာတဲ့အချက်ကို ထိုင်းမှာ လုပ်လို့ရတယ်။ အစိုးရအပေါ် မှာ အများကြီးမူတည်တယ်” ဟု ပြောပြသည်။

အဆိုပါလူငယ်သတင်းထောက်များနှင့် Unicef OS Executive Director မစ်ခ်ကယ်ရိုဘာယ်လာမီတို့တွေ့ဆုံရာတွင် ကလေးများ၏အခွင့်အရေးများကို ဖော်ထုတ်ကြသော်လည်း ယင်းတို့ကိုယ်တိုင် အခွင့်အရေး ဘာလဲဆိုသည်ကို မသိကြောင်း ဖိလစ်ပိုင်မှ လူငယ်သတင်းထောက်တစ်ဦးက ထုတ်ဖော်ပြောဆိုသွားသည်။

ရှစ်ကြိမ်မြောက်ကလေးသူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ၂၀၀၇ခုနှစ်တွင် ပစိဖိတ်ဒေသကျွန်းများတွင် ပြုလုပ်ရန်လည်း ဆွေးနွေးခဲ့သည်။